（ミャンマー語）

# 難民等認定手続案内
# ဒုက္ခသည်အသိအမှတ်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းလမ်းညွှန်

【第 6 版】

【ဆဋ္ဌမအကြိမ်ထုတ်ဝေမှု】

2024 年 12 月

၂၀၂၄ခုနှစ် ဒီဇင်ဘာလ

出入国在留管理庁

လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ

# はじめに
# နိဒါန်း

難民認定手続案内（第 1 版）は、我が国の難民の地位に関する条約等への加入に伴い、難民認定手続を整備するため、1981 年に一部改正された出入国管理及び難民認定法を基に編集したものです。
ဒုက္ခသည်အသိအမှတ်ပြုခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းလမ်းညွှန်(ပထမအကြိမ်ထုတ်ဝေမှု)သည်ဂျပန်နိုင်ငံ၏ဒုက္ခသည်အဆင့်အတန်းနှင့်စပ်လျဉ်းသည့်ကွန်ဗင်းရှင်းနှင့်အညီဒုက္ခသည်အသိအမှတ်ပြုခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းကိုစနစ်တကျဖြစ်စေရန်၁၉၈၁ခုနှစ်တွင်တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသောလူဝင်မှုကြီးကြပ်ရေးနှင့်ဒုက္ခသည်အသိအမှတ်ပြုရေးဥပဒေကိုအခြေခံ၍ပြုစုထားခြင်းဖြစ်သည်။

その後、2004 年 6 月 2 日に公布された、仮滞在許可制度及び難民審査参与員制度の創設を内容とする「出入国管理及び難民認定法の一部を改正する法律」の内容を基に、加筆・修正を加えて第 2 版を発行、一時庇護手続について記載した第 3 版を発行、2009 年 7 月 15 日に公布された、新たな在留管理制度の導入を内容とする「出入国管理及び難民認定法の一部を改正する法律」の内容を基に加筆・修正を加えた第 4 版を発行、2016 年 4 月 1 日に施行された、不服申立ての手続を審査請求に一元化することなどを内容とする行政不服審査法の全部改正を受けて第 5 版を発行してまいりました。
ထို့နောက်၂၀၀၄ခုနှစ်ဇွန်လ၂ရက်နေ့တွင်ပြဋ္ဌာန်းထားသောယာယီနေထိုင်ခွင့်စနစ်နှင့်ဒုက္ခသည်အကဲဖြတ်ရေးအတိုင်ပင်ခံစနစ်တို့ဖြင့်ဖွဲ့စည်းထားသည့်”တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသောလူဝင်မှုကြီးကြပ်ရေးနှင့်ဒုက္ခသည်အသိအမှတ်ပြုရေးဥပဒေ”ကိုအခြေခံ၍ထပ်မံဖြည့်စွက်ပြင်ဆင်ပြီးဒုတိယအကြိမ်ထုတ်ဝေခြင်း၊ယာယီခိုလှုံခွင့်ဆိုင်ရာလုပ်ငန်းစဉ်များကိုဖော်ပြထားသောတတိယအကြိမ်ထုတ်ဝေမှုကိုပြုလုပ်ခြင်း၊၂၀၀၉ခုနှစ်ဇူလိုင်လ၁၅ရက်နေ့တွင်”တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသောလူဝင်မှုကြီးကြပ်ရေးနှင့်ဒုက္ခသည်အသိအမှတ်ပြုရေးဥပဒေ”ကိုအခြေခံ၍ပြဋ္ဌာန်းသောနေထိုင်မှုစီမံခန့်ခွဲရေးစနစ်အသစ်ကိုထပ်မံဖြည့်စွက်ပြင်ဆင်ပြီးစတုတ္ထအကြိမ်ထုတ်ဝေခြင်း၊၂၀၁၆ခုနှစ်ဧပြီလ၁ရက်နေ့တွင်အကောင်အထည်ပေါ်လာသည့်၊အယူခံတင်သွင်းမှုလုပ်ငန်းစဉ်ကိုပြန်လည်သုံးသပ်ရန်တောင်းဆိုချက်တွင်ပေါင်းစည်းလိုက်ခြင်းစသည်များပါဝင်သောအုပ်ချုပ်မှုဆိုင်ရာအယူခံအကဲဖြတ်ရေးဥပဒေ၏အပြီးသတ်ပြင်ဆင်ချက်ကိုပြုလုပ်ပြီးပဉ္စမအကြိမ်ထုတ်ဝေခြင်းများကိုပြုလုပ်ခဲ့သည်။

今般、2018 年 12 月 14 日に公布された、出入国在留管理庁の設置等を内容とする、「出入国管理及び難民認定法及び法務省設置法の一部を改正する法律」及び 2023 年 6 月 16 日に公布された、補完的保護対象者認定制度の創設等を内容とする、「出入国管理及び難民認定法及び日本国との平和条約に基づき日本の国籍を離脱した者等の出入国管理に関する特例法の一部を改正する法律」の内容を基に加筆・修正を加えた第 6 版を発行するものです。
ယခုအခါ၂၀၁၈ခုနှစ်ဒီဇင်ဘာလ၁၄ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သောလူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ၏ဖွဲ့စည်းပုံဖြစ်သည့်“လူဝင်မှုကြီးကြပ်ရေး၊ဒုက္ခသည်အသိအမှတ်ပြုရေးဥပဒေနှင့်တရားစီရင်ရေးဝန်ကြီးဌာနဖွဲ့စည်းပုံဥပဒေ၏တစ်စိတ်တစ်ပိုင်းကိုပြင်ဆင်သောဥပဒေ”နှင့်၂၀၂၃ခုနှစ်ဇွန်လ၁၆ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သော”လူဝင်မှုကြီးကြပ်ရေး၊ဒုက္ခသည်အသိအမှတ်ပြုရေးဥပဒေနှင့်ဂျပန်နိုင်ငံနှင့်ငြိမ်းချမ်းရေးစာချုပ်အရဂျပန်နိုင်ငံသားအဖြစ်မှရုပ်စဲခံခဲ့ရသူများအတွက်အထူးလူဝင်မှုဥပဒေ၏တစ်စိတ်တစ်ပိုင်းကိုပြင်ဆင်သောဥပဒေ”ကိုအခြေခံ၍ထပ်မံဖြည့်စွက်ပြင်ဆင်ပြီးဆဋ္ဌမအကြိမ်မြောက်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

2024 年 12 月
၂၀၂၄ခုနှစ်ဒီဇင်ဘာလ

出入国在留管理庁
လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ

# 目次
# မာတိကာ


第 1　日本の難民認定制度及び補完的保護対象者認定制度の概要 ........................................ 1
အခန်း၁　ဂျပန်နိုင်ငံ၏ဒုက္ခသည်အသိအမှတ်ပြုရေးစနစ်နှင့်ဖြည့်စွက်ကာကွယ်
ရမည့်သူအဖြစ်အသိအမှတ်ပြုရေးစနစ်၏ခြုံငုံသုံးသပ်ချက် ........................................ 1

第 2　難民の認定又は補完的保護対象者の認定を受けた外国人が 享受できる利益 ........................................ 3
အခန်း၂　ဒုက္ခသည်အဖြစ်သို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်
ပြုထားသောသူနိုင်ငံခြားသားများရရှိနိုင်သည့်အကျိုးကျေးဇူးများ ........................................ 3

1　永住許可要件の一部緩和 ........................................ 3
၁။　အမြဲတမ်းနေထိုင်ခွင့်အတွက်လိုအပ်ချက်များကိုတစ်စိတ်တစ်ပိုင်းလျှော့ပေါ့ပေးခြင်း ........................................ 3

2　難民旅行証明書の交付（難民の認定を受けた外国人に限ります。） ........................................ 3
၂။　ဒုက္ခသည်ခရီးသွားလက်မှတ်ထုတ်ပေးခြင်း (ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခံထားရသောနိုင်ငံခြားသားအတွက်သာ) ........................................ 3

第 3　難民等認定手続 ........................................ 5
အခန်း၃　ဒုက္ခသည်စသူတို့အဖြစ်အသိအမှတ်ပြုရေးလုပ်ငန်းစဉ် ........................................ 5

1　申請手続 ........................................ 5
၁။　လျှောက်လွှာလုပ်ငန်းစဉ် ........................................ 5

(1)　申請期間 ........................................ 5
(၁)　လျှောက်ထားမှုကာလ ........................................ 5

(2)　申請窓口 ........................................ 5
(၂)　လျှောက်ထားရန်လက်ခံကောင်တာ ........................................ 5

(3)　申請に必要な書類 ........................................ 5
(၃)　လျှောက်ထားရာတွင်လိုအပ်သောစာရွက်စာတမ်းများ ........................................ 5

(4)　難民又は補完的保護対象者であることの立証 ........................................ 8
(၄)　ဒုက္ခသည်သို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူဖြစ်ကြောင်းအထောက်အထား ........................................ 8

2　仮滞在の許可 ........................................ 8
၂　ယာယီနေထိုင်ခွင့် ........................................ 8

(1)　仮滞在許可による滞在 ........................................ 9
(၁)　ယာယီနေထိုင်ခွင့်အရနေထိုင်ခြင်း ........................................ 9

(2)　仮滞在許可書 ........................................ 9
(၂)　ယာယီနေထိုင်ခွင့်လက်မှတ် ........................................ 9

(3)　仮滞在期間及び同期間の延長 ........................................ 9
(၃)　ယာယီနေထိုင်ခွင့်သက်တမ်းနှင့်အလားတူသက်တမ်းတိုးခြင်း ........................................ 9

(4) 仮滞在許可の条件 ......10
(၄) ယာယီနေထိုင်ခွင့်အခြေအနေ ......10
(5) 報酬を受ける活動の許可 ......10
(၅) အခကြေးငွေရရှိသည့်အလုပ်လုပ်ကိုင်ခွင့် ......10
(6) 仮滞在の許可の取消し ......12
(၆) ယာယီနေထိုင်ခွင့်ရုတ်သိမ်းခြင်း ......12
3 難民認定証明書等の交付 ......12
၃ ဒုက္ခသည်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း ......12
4 在留資格に係る許可 ......13
၄ နေထိုင်ခွင့်နှင့်စပ်လျဉ်းသောခွင့်ပြုချက် ......13
第4 審査請求 ......14
အခန်း၄ ပြန်လည်သုံးသပ်ရန်တောင်းဆိုခြင်း ......14
1 審査請求手続 ......14
၁ ပြန်လည်သုံးသပ်ရေးတောင်းဆိုမှုလုပ်ငန်းစဉ် ......14
(1) 審査請求人 ......14
(၁) ပြန်လည်သုံးသပ်ရန်တောင်းဆိုသူ ......14
(2) 審査請求ができる期間 ......14
(၂) ပြန်လည်သုံးသပ်ရန်တောင်းဆိုနိုင်မည့်ကာလ ......14
(3) 審査請求の窓口 ......14
(၃) ပြန်လည်သုံးသပ်ရန်တောင်းဆိုနိုင်မည့်လက်ခံကောင်တာ ......14
(4) 審査請求に必要な書類 ......15
(၄) ပြန်လည်သုံးသပ်ရန်တောင်းဆိုရာ၌လိုအပ်သည့်စာရွက်စာတမ်းများ ......15
2 難民審査参与員 ......15
၂ ဒုက္ခသည်အကဲဖြတ်ရေးအတိုင်ပင်ခံ ......15
3 法務大臣の裁決 ......15
၃ တရားရေးဝန်ကြီး၏အဆုံးအဖြတ် ......15
第5 難民旅行証明書 ......17
အခန်း၅ ဒုက္ခသည်ခရီးသွားမှတ်ပုံတင် ......17
1 申請窓口 ......17
၁ လျှောက်ထားရန်လက်ခံကောင်တာ ......17
2 申請に必要な書類 ......17
၂ လျှောက်ထားရာတွင်လိုအပ်သောစာရွက်စာတမ်းများ ......17
(1) 提出書類 ......17
(၁) တင်ပြရမည့်စာရွက်စာတမ်းများ ......17

(2)　提示書類 ........ 18
(၂)　တင်ပြရမည့်စာရွက်စာတမ်း ........ 18
3　難民旅行証明書の有効期間 ........ 19
၃　ဒုက္ခသည်ခရီးသွားလက်မှတ်၏သက်တမ်း ........ 19
4　手数料 ........ 19
၄　အခကြေးငွေ ........ 19
第 6　一時庇護のための上陸許可 ........ 20
အခန်း၆　ယာယီခိုလှုံရန်အတွက်ဆင်းသက်ခွင့် ........ 20
1　申請 ........ 20
၁　လျှောက်ထားမှု ........ 20
(1)　対象者 ........ 20
(၁)　သက်ဆိုင်သူ ........ 20
(2)　申請方法 ........ 20
(၂)　လျှောက်ထားရန်နည်းလမ်း ........ 20
2　申請に必要な書類 ........ 21
၂　လျှောက်ထားရာတွင်လိုအပ်သောစာရွက်စာတမ်းများ ........ 21
(1)　提出書類 ........ 21
(၁)　တင်ပြရမည့်စာရွက်စာတမ်းများ ........ 21
(2)　提示書類 ........ 21
(၂)　တင်ပြရမည့်စာရွက်စာတမ်းများ ........ 21
3　一時庇護許可書の交付 ........ 21
၃　ယာယီခိုလှုံခွင့်လက်မှတ်ထုတ်ပေးခြင်း ........ 21
付録　難民認定手続・補完的保護対象者認定手続図解 ........ 22
နောက်ဆက်တွဲ　ဒုက္ခသည်အဖြစ်အသိအမှတ်ပြုရေးလုပ်ငန်းစဉ်နှင့်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုရေးလုပ်ငန်းစဉ်ပုံပြဇယား ........ 22

# 第 1　日本の難民認定制度及び補完的保護対象者認定制度の概要
# အခန်း၁　ဂျပန်နိုင်ငံ၏ဒုက္ခသည်အသိအမှတ်ပြုရေးစနစ်နှင့်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုရေးစနစ်၏ခြုံငုံသုံးသပ်ချက်

難民の地位に関する条約（以下「難民条約」という。）及び難民の地位に関する議定書（以下「議定書」という。）が 1982 年に我が国について発効したことに伴い、難民条約及び議定書の諸規定を国内で実施するため、難民認定制度が整備されました。この制度では、難民である外国人は、難民認定申請を行い、法務大臣から難民であるとの認定を受けることができ、また、難民条約に規定する難民としての保護を受けることができます。
ဒုက္ခသည်အဆင့်အတန်းဆိုင်ရာအခြေခံသဘောတူညီချက်စာချုပ်(နောင်တွင်"ဒုက္ခသည်များဆိုင်ရာကွန်ဗင်းရှင်း"ဟုရည်ညွှန်းမည်)နှင့်ဒုက္ခသည်အဆင့်အတန်းဆိုင်ရာသတ်မှတ်ချက်(နောင်တွင်"ပရိုတိုကော"ဟုရည်ညွှန်းမည်)သည်၁၉၈၂ခုနှစ်တွင်ဂျပန်နိုင်ငံ၌စတင်အသက်ဝင်လာသည်နှင့်အညီဒုက္ခသည်များဆိုင်ရာကွန်ဗင်းရှင်းနှင်ပရိုတိုကော၏စည်းမျဉ်းစည်းကမ်းများပြည်တွင်းတွင်အကောင်အထည်ပေါ်လာစေရန်ဒုက္ခသည်အသိအမှတ်ပြုရေးစနစ်ကိုအကောင်ထည်ဖော်ခဲ့ပါသည်။ၡင်းစနစ်တွင်နိုင်ငံခြားသားဒုက္ခသည်များသည်ဒုက္ခသည်အဖြစ်အသိအမှတ်ပြုရန်လျှောက်ထားနိုင်ပြီးတရားရေးဝန်ကြီးထံမှဒုက္ခသည်အဖြစ်အသိအမှတ်ပြုမှုကိုရရှိပါကဒုက္ခသည်များဆိုင်ရာကွန်ဗင်းရှင်းသတ်မှတ်ချက်အရဒုက္ခသည်အဖြစ်အကာအကွယ်များရရှိနိုင်ပါမည်။

本案内でいう「難民」とは、難民条約第 1 条又は議定書第 1 条の規定により定義される難民を意味し、それは、人種、宗教、国籍、特定の社会的集団の構成員であること又は政治的意見を理由として迫害を受けるおそれがあるという十分に理由のある恐怖を有するために国籍国の外にいる者であって、その国籍国の保護を受けることができないか又はそれを望まない者とされています。
ဤလမ်းညွှန်ချက်ပါ"ဒုက္ခသည်"ဟူသောအသုံးအနှုန်းသည်ဒုက္ခသည်များဆိုင်ရာကွန်ဗင်းရှင်းအပိုဒ်၁သို့မဟုတ်ပရိုတိုကောအပိုဒ်၁၏သတ်မှတ်ချက်နှင့်ညီသောဒုက္ခသည်ဖြစ်ခြင်းကိုဆိုလိုပြီးထိုသူသည်လူမျိုး၊ဘာသာ၊နိုင်ငံသား၊သီးခြားလူမှုအဖွဲ့အစည်းတစ်ခုခု၏အဖွဲ့ဝင်ဖြစ်ခြင်းသို့မဟုတ်နိုင်ငံရေးခံယူချက်ကိုအကြောင်းပြု၍ညှဉ်းပန်းနှိပ်စက်ခံရမည့်စိုးရိမ်ဖွယ်ရှိခြင်းစသည့်လုံလောက်သောကြောက်ရွံ့ဖွယ်ရာအကြောင်းပြချက်ဖြင့်မိမိနိုင်ငံပြည်ပတွင်ရှိနေသူဖြစ်ပြီးမိမိနိုင်ငံ၏အကာအကွယ်ကိုမရရှိနိုင်သူသို့မဟုတ်ၡင်းကိုမလိုလားသူဖြစ်သည်။

難民認定手続とは、外国人がこの難民の地位に該当するかどうかを審査し決定する手続です。
ဒုက္ခသည်အသိအမှတ်ပြုရေးလုပ်ငန်းစဉ်သည်နိုင်ငံခြားသားတစ်ဦးဦးမှဒုက္ခသည်အဆင့်နှင့်အကျုံးဝင်ခြင်းရှိမရှိကိုစိစစ်ဆုံးဖြတ်ရသောလုပ်ငန်းစဉ်ဖြစ်သည်။

一方で、近年、紛争避難民のように、難民条約上の難民には該当しないものの、難民と同様に保護を必要とする外国人が増加していることを受け、2023 年 12 月 1 日、補完的保護対象者認定制度が開始されました。この制度では、本邦にある外国人は、難民認定申請又は補完的保護対象者認定申請を行い、法務大臣から補完的保護対象者であるとの認定を受けることができます（難民認定申請をした外国人について、難民の認定をしない処分がされる場合に、当該外国人が補完的保護対象者に該当すると認められるときは、補完的保護対象者として認定されます。）。
အခြားတစ်ဖက်တွင်လည်းမကြာသေးမီနှစ်များအတွင်းပဋိပက္ခများကြောင့်ဘေးကင်းရာသို့ရှောင်ပြေးရသူများကဲ့သို့ဒုက္ခသည်ဆိုင်ရာကွန်ဗင်းရှင်းနှင့်အကျုံးမဝင်သော်လည်းဒုက္ခသည်များနှင့်အလားတူကာကွယ်မှုကိုလိုအပ်နေသောနိုင်ငံခြားသားများတိုးပွားလာနေခြင်းကြောင့်၂၀၂၃ခုနှစ်ဒီဇင်ဘာလ၁ရက်နေ့တွင်ဖြည့်စွက်ကာကွယ်ရမည့်သူများအဖြစ်အသိအမှတ်ပြုရေးစနစ်ကိုစ

တင်ခဲ့ပါသည်။၎င်းစနစ်တွင်ဂျပန်တွင်ရှိသောနိုင်ငံခြားသားသည်ဒုက္ခသည်အသိအမှတ်ပြုရေးလျှောက်ထားခြင်းသို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုရေးလျှောက်ထားခြင်းကိုပြုလုပ်ပြီးတရားစီရင်ရေးဝန်ကြီးထံမှဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုမှုကိုလက်ခံရယူနိုင်သည်။ (ဒုက္ခသည်အသိအမှတ်ပြုရေးလျှောက်ထားသည့်နိုင်ငံခြားသားသည်ဒုက္ခသည်အသိအမှတ်ပြုမှုမခံရသော်လည်း၎င်းအားဖြည့်စွက်ကာကွယ်ပေးရမည့်သူအဖြစ်အကျုံးဝင်သည်ဟုအတည်ပြုနိုင်ပါကဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုမည်)

本案内でいう「補完的保護対象者」とは、難民条約上の難民以外の者であって、難民条約上の要件のうち、「迫害を受けるおそれがある理由が、人種、宗教、国籍、特定の社会的集団の構成員であること又は政治的意見であること」以外の要件を満たす者とされています。
ဤလမ်းညွှန်ချက်ပါ"ဖြည့်စွက်ကာကွယ်ရမည့်သူ"ဟူသောအသုံးအနှုန်းမှာဒုက္ခသည်များဆိုင်ရာကွန်ဗင်းရှင်းပါဒုက္ခသည်မဟုတ်ဘဲဒုက္ခသည်များဆိုင်ရာကွန်ဗင်းရှင်းပါအချက်များထဲမှ[ညှဉ်းပန်းနှိပ်စက်ခံရမည့်စိုးရိမ်ဖွယ်ရှိသောအကြောင်းပြချက်သည်လူမျိုး၊ဘာသာ၊နိုင်ငံသား၊သီးခြားလူမှုအဖွဲ့အစည်းတစ်ခုခု၏အဖွဲ့ဝင်ဖြစ်ခြင်းသို့မဟုတ်နိုင်ငံရေးခံယူချက်ကြောင့်ဖြစ်ခြင်း]မှလွဲ၍လိုအပ်သောအချက်များကိုပြည့်မီသူဟုဆိုလိုသည်။

なお、本案内において、難民と補完的保護対象者を合わせて「難民等」といい、難民認定手続と補完的保護対象者認定手続を合わせて「難民等認定手続」といいます。
ထို့ပြင်ဤလမ်းညွှန်ချက်တွင်ဒုက္ခသည်နှင့်ဖြည့်စွက်ကာကွယ်ရမည့်သူကိုပေါင်းစပ်၍"ဒုက္ခသည်စသူတို့"ဟူ၍၎င်း၊ဒုက္ခသည်အဖြစ်အသိအမှတ်ပြုရေးလုပ်ငန်းစဉ်နှင့်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုရေးလုပ်ငန်းစဉ်ကိုပေါင်းစပ်၍"ဒုက္ခသည်စသူတို့အဖြစ်အသိအမှတ်ပြုရေးလုပ်ငန်းစဉ်"ဟု၍၎င်းခေါ်ဆိုမည်။

# 第 2　難民の認定又は補完的保護対象者の認定を受けた外国人が享受できる利益
# အခန်း၂　ဒုက္ခသည်အဖြစ်သို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုထားသောသူနိုင်ငံခြားသားများရရှိနိုင်သည့်အကျိုးကျေးဇူးများ

難民の認定又は補完的保護対象者の認定を受けた外国人は、次のような利益を受けることができます。
ဒုက္ခသည်အဖြစ်သို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုခံရသောနိုင်ငံခြားသားသည်အောက်ပါအကျိုးကျေးဇူးများခံစားခွင့်ရှိသည်။

1　永住許可要件の一部緩和
၁။　အမြဲတမ်းနေထိုင်ခွင့်အတွက်လိုအပ်ချက်များကိုတစ်စိတ်တစ်ပိုင်းလျှော့ပေါ့ပေးခြင်း

日本に在留する外国人が永住許可を受けるためには、
ဂျပန်တွင်နေထိုင်သောနိုင်ငံခြားသားမှအမြဲတမ်းနေထိုင်ခွင့်ရရှိရန်မှာ

① 素行が善良であること
အကျင့်စာရိတ္တကောင်းမွန်ရမည်။

② 独立の生計を営むに足りる資産又は技能を有すること
အမှီအခိုကင်းစွာအသက်မွေးဝမ်းကြောင်းပြုနိုင်ရန်လုံလောက်သောပိုင်ဆိုင်မှုသို့မဟုတ်အတတ်ပညာရှိရမည်။

の 2 つの要件を満たし、かつ、その者の永住が日本国の利益に合すると認められなければならないとされています。
အထက်ဖော်ပြပါလိုအပ်ချက်၂ခုပြည့်မှီရမည်ဖြစ်ပြီးထိုသူ၏အမြဲတမ်းနေထိုင်မှုသည်ဂျပန်နိုင်ငံ၏အကျိုးစီးပွားအတွက်ဖြစ်ကြောင်းအသိမှတ်ပြုရမည်။

しかし、難民の認定又は補完的保護対象者の認定を受けて在留する外国人は、このうち②の要件を満たさない場合であっても、法務大臣の裁量により永住許可を受けることができます。
သို့သော်ဒုက္ခသည်အဖြစ်သို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုခံရသောနိုင်ငံခြားသားသည်အထက်ဖော်ပြပါထဲမှ(၂)တွင်ပါဝင်သောလိုအပ်ချက်ကိုမပြည့်မှီသော်လည်းတရားရေးဝန်ကြီး၏ဆုံးဖြတ်ချက်အရအမြဲတမ်းနေထိုင်ခွင့်ရရှိနိုင်သည်။

2　難民旅行証明書の交付（難民の認定を受けた外国人に限ります。）
၂။　ဒုက္ခသည်ခရီးသွားလက်မှတ်ထုတ်ပေးခြင်း(ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခံထားရသောနိုင်ငံခြားသားအတွက်သာ)

難民の認定を受けた外国人が外国に旅行しようとするときは、難民旅行証明書の交付を受けることができます。難民旅行証明書を所持する外国人は、その証明書に記載されている有効期間内であれば、原則として何度でも日本から出国し、日本に再入国することができます（申請手続等については、本案内第 5 を参照。）。
ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခံရသောနိုင်ငံခြားသားသည်ပြည်ပသို့ခရီးသွားလိုပါကဒုက္ခသည်ခရီးသွားလက်မှတ်ကိုထုတ်

ယူနိုင်သည်။ဒုက္ခသည်ခရီးသွားလက်မှတ်ကိုင်ဆောင်ထားသူသည်၎င်းလက်မှတ်ပါသက်တမ်းကာလအတွင်းဖြစ်ပါကစည်းမျဉ်းအရမည့်သည့်အကြိမ်အအတွက်မဆိုဂျပန်နိုင်ငံသို့ဝင်ထွက်သွားလာနိုင်သည်။(လျှောက်ထားမှုလုပ်ငန်းစဉ်စသည်ကိုဤလမ်းညွှန်ချက်၏အခန်း၅တွင်ကြည့်ပါ။)

なお、補完的保護対象者の認定を受けた外国人が外国に旅行しようとするときは、難民旅行証明書の交付は受けられないものの、再入国許可書の交付を受けることができます。
သို့ရာတွင်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အဖြစ်အသိအမှတ်ပြုခံရသောနိုင်ငံခြားသားသည်ပြည်ပသို့ခရီးသွားလိုပါကကဒုက္ခသည်ခရီးသွားလက်မှတ်မထုတ်ယူနိုင်ဘဲနိုင်ငံတွင်းသို့ပြန်လည်ဝင်ရောက်ခွင့်လက်မှတ်သာထုတ်ယူနိုင်သည်။

# 第 3　難民等認定手続
# အခန်း၃　ဒုက္ခသည်စသူတို့အဖြစ်အသိအမှတ်ပြုရေးလုပ်ငန်းစဉ်

## 1　申請手続
## ၁။　လျှောက်လွှာလုပ်ငန်းစဉ်

### (1)　申請期間
### (၁)　လျှောက်ထားမှုကာလ

難民等認定申請の期間について制限する規定はありません。
ဒုက္ခသည်စသူတို့အဖြစ်အသိအမှတ်ပြုရေးလျှောက်ထားရန်ကာလအတွက်သတ်မှတ်ချက်မရှိပါ။

### (2)　申請窓口
### (၂)　လျှောက်ထားရန်လက်ခံကောင်တာ

難民等認定申請は、申請者の住居地（住居地がないときは宿泊先等の所在地。以下「住居地等」といいます。）を管轄する地方出入国在留管理局、支局及び出張所で行うことができます。
ဒုက္ခသည်စသူအဖြစ်အသိအမှတ်ပြုရန်လျှောက်ထားရာတွင်လျှောက်ထားသူ၏နေရပ်လိပ်စာ(နေရပ်လိပ်စာမရှိပါကတည်းခိုနေထိုင်ရာတည်နေရာ၊နောင်တွင်"နေရပ်လိပ်စာ"ဟုသုံးနှုန်းမည်။)အားစီရင်ပိုင်ခွင့်ရှိသောဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးဌာန၊ဌာနခွဲနှင့်ရုံးခွဲများတွင်လျှောက်ထားနိုင်သည်။

申請は、申請者本人が自ら出頭して行ってください。ただし、申請者が 16 歳未満である場合や病気その他の理由により自ら出頭できない場合は、父母、配偶者、子又は親族がその者に代わって申請を行うことができます。
လျှောက်ထားရာတွင်လျှောက်ထားသူကိုယ်တိုင်ပြုလုပ်ရမည်။သို့သော်လျှောက်ထားသူသည်အသက်၁၆နှစ်မပြည့်သေးခြင်း၊ရောဂါရှိခြင်းနှင့်အခြားအကြောင်းအရင်းများကြောင့်လူကိုယ်တိုင်လာရောက်နိုင်ခြင်းမရှိပါကမိဘ၊အိမ်ထောင်ဖက်၊သားသမီးသို့မဟုတ်ဆွေမျိုးများကကိုယ်စားလျှောက်ထားပေးနိုင်သည်။

地方出入国在留管理局・支局における窓口については、本案内の最終ページを参照してください。
ဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးဌာန၊ဌာနခွဲများရှိလက်ခံကောင်တာများနှင့်ပတ်သက်၍ဤလမ်းညွှန်ချက်၏နောက်ဆုံးစာမျက်နှာတွင်ကြည့်ပါ။

### (3)　申請に必要な書類
### (၃)　လျှောက်ထားရာတွင်လိုအပ်သောစာရွက်စာတမ်းများ

申請には、次の書類が必要です。なお、怪我や身体の障害などの特段の事情があるため難民・補完的保護対象者認定申請書の記載ができない外国人は、申請書に代えて申請書に記載すべき事項を入国審査官又は難民調査官に陳述してもよいことになっています。
လျှောက်ထားရာတွင်အောက်ပါစာရွက်စာတမ်းများလိုအပ်သည်။ထို့ပြင်ထိခိုက်ဒဏ်ရာနှင့်ကိုယ်ခန္ဓာမသန်စွမ်းခြင်းစသောသီးခြားအခြေနေရှိပါကဒုက္ခသည်သို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုရေးလျှောက်လွှာ

ဖြည့်သွင်းနိုင်ခြင်းမရှိသောနိုင်ငံခြားသားသည်လျှောက်လွှာဖြည့်စွက်ရမည့်အစားလျှောက်လွှာတွင်ဖြည့်သွင်းရမည့်အကြောင်းအရာများကိုလူဝင်မှုကြီးကြပ်ရေးမှူးသို့မဟုတ်ဒုက္ခသည်စိစစ်ရေးမှူးသို့အဆိုပြုနိုင်ပါသည်။

① 提出書類
တင်ပြရန်စာရွက်စာတမ်းများ

ア 難民・補完的保護対象者認定申請書（入管庁のホームページに掲載されているほか、窓口でも配布しています。） 1通
ဒုက္ခသည်နှင့်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုရေးလျှောက်လွှာ(လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ၏ဝဘ်ဆိုက်ပင်မစာမျက်နှာတွင်ဖော်ပြထားပြီးရုံးကောင်တာတွင်လည်းထုတ်ယူနိုင်ပါသည်။) ၁ စောင်

※過去に難民等の認定をしない処分を受けたことがある外国人は再申請用の申請書を提出する必要がありますので、御留意ください。
※ယခင်ကဒုက္ခသည်စသူအဖြစ်အသိအမှတ်ပြုရေးအတွက်ငြင်းပယ်ခံထားရဖူးသောနိုင်ငံခြားသားသည်ပြန်လည်လျှောက်ထားခြင်းလျှောက်လွှာပုံစံဖြင့်တင်ပြရန်လိုအပ်ကြောင်းသတိပြုပါ။

イ 申請者が難民又は補完的保護対象者であることを証明する資料（難民又は補完的保護対象者であることを主張する陳述書を含む。） 1通
လျှောက်ထားသူသည်ဒုက္ခသည်သို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူဖြစ်ကြောင်းကိုအထောက်အထားဖြစ်စေမည့်စာရွက်စာတမ်း(ဒုက္ခသည်သို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူဖြစ်ကြောင်းကိုအခိုင်အမာအဆိုပြုနိုင်မည့်စာရွက်စာတမ်းအပါအဝင်) ၁ စောင်

ウ 写真（以下の要件を満たし、裏面に氏名が記載されているもの。） 1葉
ဓါတ်ပုံ (အောက်ပါလိုအပ်ချက်များနှင့်ပြည့်စုံစေပြီးနောက်ကျောဘက်တွင်သင့်အမည်ရေးထားသောပုံ) ၁ ပုံ
（ただし、在留資格未取得外国人については、2葉）
(သို့ရာတွင် နေထိုင်ခွင့်မရရှိသေးသောနိုင်ငံခြားသားဖြစ်ပါက ၂ ပုံ)

【要件】
[လိုအပ်ချက်]

(ア) 申請者本人のみが撮影されたものであること
လျှောက်ထားသူတစ်ဦးတည်းသာပါသောပုံဖြစ်ရမည်။

(イ) 写真の寸法
ဓါတ်ပုံအတိုင်းအတာ

縁を除いた部分の寸法が、下記の寸法を満たしたものであること（顔の寸法は、頭頂部（髪を含む。）からあご先まで）
အစွန်းထွက်နေရာမပါသောအရွယ်အစားသည်အောက်တွင်ဖော်ပြထားသောအတိုင်းအတာနှင့်ကိုက်ညီမှုရှိရမည်။(မျက်နှာ၏အရွယ်အစားမှာဦးခေါင်းထိပ်(ဆံပင်အပါအဝင်)မှမေးဖျားထိ)




(ウ)　無帽で正面を向いたものであること（宗教上又は医療上の理由により本要件を満たす写真を提出することができない特段の事情がある場合、当該事情に係る陳述書（任意様式）を提出してください。）
ဦးထုပ်မပါဘဲအရှေ့တည့်တည့်သို့မျက်နှာမူနေသောပုံဖြစ်ရမည်။(ဘာသာရေးသို့မဟုတ်ဆေးဘက်ဆိုင်ရာအကြောင်းအရင်းကြောင့်ဤလိုအပ်ချက်ကိုလိုက်နာ၍ဓါတ်ပုံတင်ပြခြင်းမပြုနိုင်သောသီးခြားအခြေနေရှိပါကဤအခြေအနေနှင့်ပတ်သက်သောအဆိုပြုချက်(အခြားရွေးခြယ်စရာပုံစံတခုခု)ကိုတင်ပြပါ၊)

(エ)　背景（影を含む。）がないものであること
နောက်ခံ (အရိပ်အပါအဝင်)မပါသောပုံဖြစ်ရမည်။

(オ)　鮮明であること（写真の焦点が合っているもの、しみ、汚れ、穴等がなく、顔写真に影がないもの、衣服や頭髪等により目、鼻、口等が隠れていないもの、背景がないもの等。出入国在留管理庁ホームページに掲載している申請用写真の見本・事例集を参照してください。）
ကြည်လင်ပြတ်သားရမည်။(ဓါတ်ပုံဆုံချက်အချိန်အဆပြတ်သားသောပုံ၊အစက်အပြောက်၊အပေအကျံ၊အပေါက်အပြဲစသည်တို့မရှိဘဲ၊မျက်နှာတွင်အရိပ်မကျသောပုံ၊အဝတ်အစားနှင့်မျက်နှာပေါ် ရှိဆံပင်စသည်ကြောင့်မျက်လုံး၊နှာခေါင်း၊ပါးစပ်စသည်တို့ဖုံးကွယ်မနေသောပုံ၊နောက်ခံမပါသောပုံစသည်၊လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ၏ဝဘ်ဆိုက်ပင်မစာမျက်နှာတွင်ဖော်ပြထားသောလျှောက်လွှာအတွက်နမူနာပုံနှင့်ဥပမာရပ်များကိုကြည့်ပါ။)

(カ)　提出の日前 6 か月以内に撮影されたものであること（入院中のため写真を撮影することができないなど、6 か月以内に撮影した写真を提出できないことについてやむを得ない理由がある場合には、可能な限り新しい写真を提出してください。）
တင်ပြသောနေ့မတိုင်မီ၆လအတွင်းရိုက်ထားသောပုံဖြစ်ရမည်။(ဆေးရုံတက်နေရသဖြင့်ဓါတ်ပုံမရိုက်ကူးနိုင်ခြင်းစသည့်၆လအတွင်းရိုက်ထားသောပုံကိုတင်ပြနိုင်ခြင်းမရှိခြင်းသောမလွှဲမရှောင်သာအကြောင်းရင်းရှိပါကအသစ်ဆုံးပုံကိုတင်ပြပါ။)

エ　旅券又は在留資格証明書を提示できない者にあっては、その理由を記載した書類　1 通
နိုင်ငံကူးလက်မှတ်သို့မဟုတ်နေထိုင်ခွင့်သက်သေခံလက်မှတ်ကိုမတင်ပြနိုင်သူဖြစ်ပါကအကြောင်းပြချက်ကိုဖော်ပြသည့်စာ　၁ စောင်

②　提示書類
တင်ပြရမည့်စာရွက်စာတမ်း

ア　中長期在留者にあっては、旅券及び在留カード
အလယ်အလတ်မှနှစ်ရှည်နေထိုင်သူဖြစ်ပါကနိုင်ငံကူးလက်မှတ်သို့မဟုတ်နေထိုင်ခွင့်ကတ်

イ　特別永住者にあっては、旅券及び特別永住者証明書
အထူးအမြဲတမ်းနေထိုင်သူဖြစ်ပါကနိုင်ငံကူးလက်မှတ်သို့မဟုတ်အထူးအမြဲတမ်းနေထိုင်ခွင့်လက်မှတ်

ウ　中長期在留者及び特別永住者以外の者にあっては、旅券又は在留資格証明書
အလယ်အလတ်မှနှစ်ရှည်နေထိုင်သူသို့မဟုတ်အထူးအမြဲတမ်းနေထိုင်သူများမဟုတ်ပါကနိုင်ငံကူးလက်မှတ်သို့မဟုတ်နေထိုင်ခွင့်သက်သေခံလက်မှတ်

（監理措置中の者にあっては、監理措置決定通知書）
(ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ရှိသောသူဖြစ်ပါကကြီးကြပ်မှုဆုံးဖြတ်ချက်အသိပေးစာ)

（仮放免中の者にあっては、仮放免許可書）
(ယာယီအချုပ်အနှောင်ကင်းလွတ်ခွင့်ရသူဖြစ်ပါကယာယီကင်းလွတ်ခွင့်ရလက်မှတ်)

エ　仮上陸の許可、船舶観光上陸の許可、乗員上陸の許可、緊急上陸の許可、遭難による上陸の許可又は一時庇護のための上陸の許可を受けている者にあっては、当該許可書
ယာယီဆင်းသက်ခွင့်၊သင်္ဘောစီးခရီးသည်ကမ်းတက်ခွင့်၊သင်္ဘောသားကမ်းတက်ခွင့်၊အရေးပေါ်ကမ်းတက်ခွင့်၊ဘေးဒုက္ခကြောင့်ကမ်းတက်ခွင့်သို့မဟုတ်ယာယီခိုလှုံခွင့်ဖြင့်ဆင်းသက်ခွင့်ရရှိထားသူများဖြစ်ပါကၡင်းခွင့်ပြုလက်မှတ်

(4)　難民又は補完的保護対象者であることの立証
(၄)　ဒုက္ခသည်သို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူဖြစ်ကြောင်းအထောက်အထား

難民等の認定は、申請者から提出された資料や申請者の供述等に基づいて行われます。したがって、申請者は、難民等であることについて自ら立証することが求められます。なお、資料（陳述書を含む。）が外国語で作成されているときは、その資料の訳文を添付してください。
ဒုက္ခသည်စသူအဖြစ်အသိအမှတ်ပြုရေးသည်လျှောက်ထားသူမှတင်ပြသည့်စာရွက်စာတမ်းနှင့်လျှောက်ထားသူ၏ထုတ်ပြန်ချက်စသည်ပေါ်တွင်မူတည်သည်။ထို့နည်းတူစွာလျှောက်ထားသူသည်ဒုက္ခသည်စသူဖြစ်ကြောင်းကိုယ်တိုင်အထောက်အထားများတင်ပြနိုင်ရမည်။ထို့ပြင်စာရွက်စာတမ်း(အဆိုပြုချက်အပါအဝင်)သည်ဂျပန်ဘာသာမဟုတ်ပါကဘာသာပြန်စာရွက်စာတမ်းအားပူးတွဲတင်ပြပါ။

申請者の提出した資料のみでは十分な立証が得られない場合には、難民調査官が公務所等に照会するなどして、申請者の申し立てる事実の有無について調査し、難民等の認定が適正に行われるように努めます。
လျှောက်ထားသူတင်ပြသောစာရွက်စာတမ်းသည်လုံလောက်သောအထောက်အထားမဖြစ်ပါကဒုက္ခသည်စီစစ်ရေးမှူးမှရုံးဌာနများသို့စုံစမ်းမေးမြန်းခြင်းများပြုလုပ်ပြီးလျှောက်ထားသူတင်ပြသောဖြစ်ရပ်များရှိမရှိစီစစ်၍ဒုက္ခသည်စသူဖြစ်ကြောင်းအသိအမှတ်ပြုခြင်းကိုသင့်လျော်စွာဆောင်ရွက်နိုင်ရန်ကြိုးပမ်းမည်။

2　仮滞在の許可
၂　ယာယီနေထိုင်ခွင့်

不法滞在者等の在留資格未取得外国人から難民等認定申請があったときは、その者の法的地位の安定を図るため、当該外国人が本邦に上陸した日（本邦にある間に難民等となる事由が生じた者にあっては、その事実を知った日）から 6 か月以内に難民等認定申請を行ったものであること、迫害を受けるおそれのあった領域から直接本邦に入ったものであることなどの一定の要件を満たす場合

には、仮に本邦に滞在することを許可し、その間は退去強制手続が停止されます。
နေထိုင်ခွင့်မရသေးသောတရားမဝင်နေထိုင်သူနိုင်ငံခြားသားမှဒုက္ခသည်စသူအဖြစ်အသိအမှတ်ပြုရန်လျှောက်ထားချိန်တွင်ထိုသူတို့အတွက်ဥပဒေအရသေချာမှုရှိစေရန်၎င်းနိုင်ငံခြားသားဂျပန်သို့ဆိုက်ရောက်သည့်နေ့(ဂျပန်၌ရှိစဉ်ဒုက္ခသည်စသူဖြစ်ရန်အကြောင်းပေါ်ပေါက်သူဖြစ်ပါက၎င်းအကြောင်းရပ်ကိုသိရှိသောနေ့)မှ၆လတာအတွင်းဒုက္ခသည်စသူအဖြစ်အသိအမှတ်ပြုရေးကိုလျှောက်ထားရမည်၊ညှဉ်းပန်းနှိပ်စက်ခံရမည့်စိုးရိမ်ဖွယ်ရှိသည့်ဒေသမှဂျပန်သို့တိုက်ရိုက်ဝင်ရောက်လာသူဖြစ်ခြင်းစသည့်သတ်မှတ်ချက်ကိုပြည့်မီသူအားဂျပန်တွင်ယာယီနေထိုင်ခွင့်ရရှိပြီး၎င်းကာလအတွင်းနေရပ်ပြန်ပို့ခြင်းလုပ်ငန်းစဉ်အားရပ်နားထားမည်။

なお、仮滞在許可の判断は、難民等認定申請者から提出のあった難民・補完的保護対象者認定申請書等の書類により行いますので、別途、仮滞在許可のための申請は必要ありません。
သို့ရာတွင်ယာယီနေထိုင်ခွင့်အတွက်ဆုံးဖြတ်ချက်သည်ဒုက္ခသည်စသူအဖြစ်အသိအမှတ်ပြုရန်လျှောက်ထားသူမှတင်ပြသောဒုက္ခသည်သို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုရေးလျှောက်လွှာစသည့်စာရွက်စာတမ်းပေါ်မူတည်၍ပြုလုပ်မည်ဖြစ်သောကြောင့်ယာယီနေထိုင်ခွင့်အတွက်သီးခြားလျှောက်ထားရန်မလိုအပ်ပါ။

(1) 仮滞在許可による滞在
(၁) ယာယီနေထိုင်ခွင့်အရနေထိုင်ခြင်း

仮滞在許可を受けると一時的に退去強制手続が停止され、仮滞在期間の経過等により当該許可が終了するまでの間は、適法に本邦に滞在することができます。
ယာယီနေထိုင်ခွင့်ရရှိပါကနေရပ်ပြန်ပို့ခြင်းလုပ်ငန်းစဉ်အားယာယီရပ်နားထားမည်။ယာယီနေထိုင်ခွင့်သက်တမ်းပေါ်မူတည်၍၎င်းခွင့်ပြုချက်ကာလကုန်ဆုံးသည်အထိဂျပန်နိုင်ငံတွင်တရားဝင်နေထိုင်နိုင်မည်။

(2) 仮滞在許可書
(၂) ယာယီနေထိုင်ခွင့်လက်မှတ်

法務大臣が仮滞在の許可をした外国人には、仮滞在許可書が交付されます。
တရားရေးဝန်ကြီးမှယာယီနေထိုင်ခွင့်ပြုထားသောနိုင်ငံခြားသားအားယာယီနေထိုင်ခွင့်လက်မှတ်ထုတ်ပေးပါမည်။

許可を受けている間は、この許可書を常に携帯する必要があります。
ခွင့်ပြုချက်ရထားစဉ်အတောအတွင်း၎င်းခွင့်ပြုလက်မှတ်အားအချိန်တိုင်းကိုယ်နှင့်မကွာကိုင်ဆောင်ထားရန်လိုသည်။

(3) 仮滞在期間及び同期間の延長
(၃) ယာယီနေထိုင်ခွင့်သက်တမ်းနှင့်အလားတူသက်တမ်းတိုးခြင်း

仮滞在期間は、原則として 6 月です。
ယာယီနေထိုင်ခွင့်သက်တမ်းမှာအခြေခံသတ်မှတ်ချက်အားဖြင့်၆လဖြစ်သည်။

仮滞在期間の更新申請は、許可期限の 10 日前から、申請者の住居地等を管轄する地方出入国在留管理局、支局及び出張所で受け付けています。また、申請書は、入管庁のホームページに掲載されているほか、各地方出入国在留管理局、支局及び出張所の窓口で配布しています。
ယာယီနေထိုင်ခွင့်သက်တမ်းတိုးလျှောက်ထားခြင်းသည်သက်တမ်းကုန်ဆုံးရက်မတိုင်မီ၁၀ရက်အလိုမှစ၍လျှောက်ထားသူ၏နေရပ်လိပ်စာအားစီရင်ပိုင်ခွင့်ရှိသောဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးဌာန၊ဌာနခွဲနှင့်ရုံးခွဲများတွင်လျှောက်ထားနိုင်သည်။ထို့ပြင်လျှောက်လွှာကိုလူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ၏ဝဘ်ဆိုက်ပင်မစာမျက်နှာ၌ဖော်ပြ

ထားပြီးဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးဌာန၊ဌာနခွဲနှင့်ရုံးခွဲများ၏ရုံးကောင်တာအသီးသီးတွင်လည်းထုတ်ယူနိုင်ပါသည်။

地方出入国在留管理局・支局における窓口については、本案内の最終ページを参照してください。
ဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးဌာန၊ဌာနခွဲများရှိလက်ခံကောင်တာများနှင့်ပတ်သက်၍ဤလမ်းညွှန်ချက်၏နောက်ဆုံးစာမျက်နှာကိုကြည့်ပါ။

(4) 仮滞在許可の条件
(၄) ယာယီနေထိုင်ခွင့်အခြေအနေ

仮滞在許可を受けた者は、住居や行動範囲が制限されるほか、難民調査官から出頭の要請があった場合には、指定された日時、場所に出頭して、難民等認定手続へ協力する義務が課されるなど、種々の条件が付されます。
ယာယီနေထိုင်ခွင့်ရထားသူသည်နေထိုင်မှုနှင့်သွားလာမှုဧရိယာကန့်သတ်ခံရခြင်းမှလွဲ၍ဒုက္ခသည်စီစစ်ရေးမှူးမှလူကိုယ်တိုင်လာရောက်ရန်တောင်းဆိုသည့်အခါသတ်မှတ်ရက်၊အချိန်၊နေရာ၌လာရောက်ပြီးဒုက္ခသည်စသူအသိမှတ်ပြုရေးလုပ်ငန်းစဉ်တွင်ပူးပေါင်းပါဝင်ရမည့်တာဝန်ရှိခြင်းစသည့်အမျိုးမျိုးသောအခြေအနေများပါဝင်ပါသည်။

(5) 報酬を受ける活動の許可
(၅) အခကြေးငွေရရှိသည့်အလုပ်လုပ်ကိုင်ခွင့်

仮滞在の許可を受けた者が生計を維持するために必要な範囲で行う報酬を受ける活動について、相当と認められるときには許可される場合があります。
ယာယီနေထိုင်ခွင့်ရထားသူသည်အသက်မွေးဝမ်းကြောင်းမှုကိုထိန်းသိမ်းရန်လိုအပ်သောအတိုင်းအတာဖြင့်အခကြေးငွေရရှိသောအလုပ်လုပ်ရန်သင့်လျော်သည်ဟုအသိမှတ်ပြုခံရပါကအလုပ်လုပ်ခွင့်ရသည့်အခြေအနေရှိသည်။

① 申請期間
လျှောက်ထားမှုကာလ

仮滞在許可を受けた日から当該許可の満了日までの間
ယာယီနေထိုင်ခွင့်ရသည့်ရက်မှငင်းနေထိုင်ခွင့်ကုန်ဆုံးသည့်ရက်အထိ

② 申請窓口
လျှောက်ထားရန်လက်ခံကောင်တာ

申請者の住居地等を管轄する地方出入国在留管理局、支局及び出張所で行うことができます。
လျှောက်ထားသူ၏နေရပ်လိပ်စာအားစီရင်ပိုင်ခွင့်ရှိသောဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးဌာန၊ဌာနခွဲနှင့်ရုံးခွဲများတွင်လျှောက်ထားနိုင်သည်။

③　申請に必要な書類
လျှောက်ထားရာတွင်လိုအပ်သောစာရွက်စာတမ်းများ

ア　報酬を受ける活動許可申請書（入管庁のホームページに掲載されているほか、窓口でも配布しています。）　1通
အခကြေးငွေရရှိသည့်အလုပ်လုပ်ကိုင်ခွင့်လျှောက်လွှာ(လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ၏ဝဘ်ဆိုက်ပင်မစာမျက်နှာ၌ဖော်ပြထားပြီးရုံးကောင်တာတွင်လည်းထုတ်ယူနိုင်ပါသည်။)　၁ စောင်

イ　労働基準法第 15 条第 1 項及び同法施行規則第 5 条に基づき、労働者に交付される労働条件を明示する文書
အလုပ်သမားစံချိန်စံနှုန်းဥပဒေပုဒ်မ၁၅အပိုဒ်၁နှင့်အလားတူဥပဒေပြဋ္ဌာန်းပုဒ်မ၅အရအလုပ်သမားများအားထုတ်ပေးသည့်လုပ်ငန်းခွင်အခြေအနေအားရှင်းလင်းဖော်ပြထားသောစာရွက်စာတမ်း

ウ　就業予定機関について、本邦内に本店又は事業所等があることを疎明する資料（パンフレット、登記事項証明書など）
အလုပ်ဝင်ရန်ရည်ရွယ်ထားသောအဖွဲ့အစည်းသည်ဂျပန်ပြည်တွင်းတွင်ရုံးချုပ်သို့မဟုတ်ရုံးခန်းစသည်တို့ရှိကြောင်းအထောက်အထားစာရွက်စာတမ်း(လက်ကမ်းစာစောင်၊လုပ်ငန်းမှတ်ပုံတင်စသည်)

エ　就業予定機関の直近 3 ヶ月分の給与所得・退職所得等の所得税徴収高計算書の写し
အလုပ်ဝင်ရန်ရည်ရွယ်ထားသောအဖွဲ့အစည်း၏နောက်ဆုံး၃လစာလစာဝင်ငွေ၊အငြိမ်းစားဝင်ငွေစသည်တို့အတွက်ဝင်ငွေခွန်ရှင်းတမ်းမိတ္တူ

オ　申請者の収入又は資産を疎明する資料
လျှောက်ထားသူ၏ဝင်ငွေသို့မဟုတ်ပိုင်ဆိုင်မှုအထောက်အထားပြစာရွက်စာတမ်း

カ　同居者等の収入又は資産を疎明する資料（申請者と生計を一にする同居者等がいる場合）
အတူနေသူ၏ဝင်ငွေသို့မဟုတ်ပိုင်ဆိုင်မှုအထောက်အထားပြစာရွက်စာတမ်း(လျှောက်ထားသူနှင့်အတူနေထိုင်စားသောက်သူရှိပါက)

キ　住居の賃貸借契約書の写し（賃貸借契約を締結している場合）
နေအိမ်အငှားစာချုပ်မိတ္တူ (အငှားစာချုပ်ချုပ်ဆိုထားပါက)

ク　各種団体や個人からの金銭援助を受けていること及び援助の内容を疎明する資料（各種団体や個人からの金銭援助を受けている場合）
အဖွဲ့အစည်းတစ်ခုခုနှင့်တသီးပုဂ္ဂလတစ်ဦးဦးထံမှငွေကြေးအကူအညီရယူထားခြင်းနှင့်ကူညီသောအကြောင်းအရာကိုအထောက်အထားဖြစ်စေမည့်စာရွက်စာတမ်း(အဖွဲ့အစည်းတစ်ခုခုနှင့်တသီးပုဂ္ဂလတစ်ဦးဦးထံမှငွေကြေးအကူအညီရယူထားပါက)

ケ　写真（写真の規格については、前記 1(3)の写真の要件を参照してください。）
ဓါတ်ပုံ(ဓါတ်ပုံစံနှုန်းမှာအထက်ဖော်ပြပါ၁(၃)မှဓါတ်ပုံအတွက်လိုအပ်ချက်များကိုကြည့်ပါ။)

④ 報酬を受ける活動の状況に関する届出
အခကြေးငွေရရှိသည့်အလုပ်အကိုင်အခြေအနေနှင့်ပတ်သက်သောအသိပေးချက်

報酬を受ける活動の状況に関する届出報酬を受ける活動の許可を受けた者は、報酬を受ける活動の許可を受けた日又は直近の届出の日から6月を超えない範囲で、住居地等を管轄する地方出入国在留管理局、支局及び出張所に出頭し、「報酬を受ける活動の状況に関する届出書」（入管庁ホームページに掲載されているほか、窓口でも配布しています。）を提出しなければなりません。
အခကြေးငွေရရှိသည့်အလုပ်အားလုပ်ကိုင်ခွင့်ရထားသူသည်အခကြေးငွေဖြင့်အလုပ်လုပ်ကိုင်ခွင့်ရထားသည့်ရက်သို့မဟုတ်နောက်ဆုံးအသိပေးထားသောရက်မှ၆လထက်မကျော်လွန်စေဘဲ၊မိမိနေရပ်လိပ်စာအားစီရင်ပိုင်ခွင့်ရှိသောဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံးဌာန၊ဌာနခွဲနှင့်ရုံးခွဲများတွင်လူကိုယ်တိုင်သွားရောက်ပြီး[အခကြေးငွေရရှိသည့်အလုပ်အကိုင်အခြေအနေနှင့်ပတ်သက်သောအသိပေးချက်](လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ၏ဝဘ်ဆိုက်ပင်မစာမျက်နှာတွင်ဖော်ပြထားပြီးကောင်တာတွင်လည်းထုတ်ပေးသည်။)ကိုတင်ပြရမည်။

(6) 仮滞在の許可の取消し
(၆) ယာယီနေထိုင်ခွင့်ရုတ်သိမ်းခြင်း

仮滞在の許可を受けた者がその付された条件に違反した場合、許可なく報酬を受ける活動を行った場合、不正に難民等認定を受ける目的で偽変造された資料を提出した場合、虚偽の陳述をした場合等には仮滞在の許可が取り消されることがあります。
ယာယီနေထိုင်ခွင့်ရထားသူသည်၎င်း၌ပါရှိသောသတ်မှတ်အခြေအနေကိုဖောက်ဖျက်ခြင်း၊ခွင့်ပြုချက်မရှိဘဲအခကြေးငွေဖြင့်အလုပ်လုပ်ကိုင်ခြင်း၊ဒုက္ခသည်စသူအဖြစ်အသိအမှတ်ပြုစေရန်ရည်ရွယ်၍စာရွက်စာတမ်းအတုများမမှန်မကန်တင်ပြခြင်း၊လိမ်ညာအဆိုပြုချက်များပြုလုပ်ခြင်းစသည်တို့ပြုလုပ်ပါကယာယီနေထိုင်ခွင့်ကိုရုတ်သိမ်းခြင်းရှိမည်။

3 難民認定証明書等の交付
၃ ဒုက္ခသည်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း

法務大臣が難民であると認定した外国人には、難民認定証明書が交付され、補完的保護対象者であると認定した外国人には、補完的保護対象者認定証明書が交付されます。
တရားရေးဝန်ကြီးမှဒုက္ခသည်ဖြစ်သည်ဟုအသိအမှတ်ပြုထားသောနိုင်ငံခြားသားအားဒုက္ခသည်အသိအမှတ်ပြုလက်မှတ်ထုတ်ယူပေးပြီးဖြည့်စွက်ကာကွယ်ရမည့်သူဖြစ်သည်ဟုအသိအမှတ်ပြုထားသောနိုင်ငံခြားသားအားဖြည့်စွက်ကာကွယ်ရမည့်သူအသိအမှတ်ပြုလက်မှတ်အားထုတ်ပေးပါမည်။

難民認定申請を行った者が難民として認定されなかった場合でも、補完的保護対象者として認定された場合には、補完的保護対象者認定証明書が交付されます。
ဒုက္ခသည်အဖြစ်အသိအမှတ်ပြုရန်လျှောက်ထားသူသည်ဒုက္ခသည်အဖြစ်အသိအမှတ်ပြုမခံရသော်လည်းဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုခံရပါကဖြည့်စွက်ကာကွယ်ရမည့်သူအသိအမှတ်ပြုလက်မှတ်အားထုတ်ပေးပါမည်။

難民等としての各種の保護措置を受ける際に、難民等であることの証明を求められた場合には、これらの証明書を提示してください。

ဒုက္ခသည်စသူအဖြစ်အမျိုးမျိုးသောအကာအကွယ်ပေးမှုအစီအမံများကိုရယူရာတွင်ဒုက္ခသည်စသူဖြစ်သည်ဟူသောအထောက်အထားကိုတောင်းခံလာပါကဤလက်မှတ်အားတင်ပြပါ။

4　在留資格に係る許可
၄　နေထိုင်ခွင့်နှင့်စပ်လျဉ်းသောခွင့်ပြုချက်

難民等として認定された外国人が在留資格未取得外国人であるときは、一定の退去強制事由に該当せず、かつ、一定の刑罰法令違反により懲役等に処されたことがないときなど、一定の要件を満たした場合には、定住者の在留資格が一律に付与されます。
ဒုက္ခသည်စသူအဖြစ်အသိအမှတ်ပြုခံရသောနိုင်ငံခြားသားသည်နေထိုင်ခွင့်မရထားသောနိုင်ငံခြားသားဖြစ်နေလျှင်ပြည်နှင်ဒဏ်ခံရမှုမရှိခြင်း၊ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့်အကျဉ်းချခံရမှုမရှိဖူးခြင်းစသည့်သတ်မှတ်လိုအပ်ချက်များကိုပြည့်မီပါကနှစ်ရှည်နေထိုင်ခွင့်အားတူညီစွာပေးအပ်မည်။

これにより、3 月を超える在留期間となった外国人には在留カードが交付されます。
နေထိုင်ခွင့်ကာလ၃လထက်ကျော်လွန်သောနိုင်ငံခြားသားအားနေထိုင်ခွင့်ကတ်ကိုထုတ်ပေးမည်။

# 第 4　審査請求
# အခန်း၄　ပြန်လည်သုံးသပ်ရန်တောင်းဆိုခြင်း

1　審査請求手続
၁　ပြန်လည်သုံးသပ်ရေးတောင်းဆိုမှုလုပ်ငန်းစဉ်

(1)　審査請求人
(၁)　ပြန်လည်သုံးသပ်ရန်တောင်းဆိုသူ

難民等認定申請をしたものの認定されなかった外国人や難民等の認定を取り消された外国人は、法務大臣に対し、審査請求をすることができます。
ဒုက္ခသည်စသူအဖြစ်လျှောက်ထားရာ၌အသိအမှတ်ပြုမခံခဲ့ရသောနိုင်ငံခြားသားနှင့်ဒုက္ခသည်စသူအဖြစ်အသိမှတ်ပြုခြင်းမှရုပ်သိမ်းခံခဲ့ရသောနိုင်ငံခြားသားသည်တရားရေးဝန်ကြီးထံတွင်ပြန်လည်သုံးသပ်ရန်တောင်းဆိုနိုင်သည်။

(2)　審査請求ができる期間

(၂)　ပြန်လည်သုံးသပ်ရန်တောင်းဆိုနိုင်မည့်ကာလ

審査請求期間は、難民等の認定をしない旨の通知又は難民等の認定を取り消した旨の通知を受けた日から 7 日以内となっています。ただし、天災その他やむを得ない理由があるときは、7 日経過後であっても審査請求をすることができます。
ပြန်လည်သုံးသပ်ရန်တောင်းဆိုနိုင်မည့်ကာလမှာဒုက္ခသည်စသူအဖြစ်အသိအမှတ်မပြုကြောင်းအသိပေးချက်သို့မဟုတ်ဒုက္ခသည်စသူအဖြစ်အသိမှတ်ပြုမှုရုပ်သိမ်းကြောင်းအသိပေးချက်ရရှိပြီး၇ရက်အတွင်းဖြစ်သည်။သို့သော်သဘာဝဘေးအန္တရာယ်နှင့်အခြားရှောင်လွှဲ၍မရသောအကြောင်းပြချက်များရှိပါက၇ရက်ကြာပြီးနောက်တွင်လည်းပြန်လည်သုံးသပ်ရန်တောင်းဆိုနိုင်သည်။

(3)　審査請求の窓口
(၃)　ပြန်လည်သုံးသပ်ရန်တောင်းဆိုနိုင်မည့်လက်ခံကောင်တာ

審査請求は、難民等認定申請の場合と同様、審査請求人の住居地等を管轄する地方出入国在留管理局、支局及び出張所で行うことができます。
ပြန်လည်သုံးသပ်ရန်တောင်းဆိုခြင်းသည်ဒုက္ခသည်စသူအဖြစ်အသိအမှတ်ပြုရန်လျှောက်ထားခြင်းနှင့်အလားတူပြန်လည်သုံးသပ်ရန်တောင်းဆိုသူ၏နေရပ်လိပ်စာစသည်အားစီရင်ပိုင်ခွင့်ရှိသောဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံး၊ဌာနခွဲနှင့်ရုံးခွဲများတွင်လျှောက်ထားနိုင်သည်။

なお、代理人による審査請求が認められるほか、必要書類を郵送して審査請求をすることもできます。地方出入国在留管理局・支局における審査請求窓口については、本案内の最終ページを参照してください。
ထို့ပြင်ကိုယ်စားလှယ်မှတဆင့်ပြန်လည်သုံးသပ်ရန်တောင်းဆိုခြင်းပြုလုပ်နိုင်သည့်အပြင်၊လိုအပ်သောစာရွက်စာတမ်းများကိုစာတိုက်မှပေးပို့ခြင်းဖြင့်လည်းတောင်းဆိုခြင်းကိုပြုလုပ်နိုင်သည်။ဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံး၊ဌာနခွဲများရှိပြန်လည်သုံးသပ်ရန်တောင်းဆိုမှုလက်ခံကောင်တာနှင့်ပတ်သက်၍ဤလမ်းညွှန်ချက်၏နောက်ဆုံးစာမျက်နှာတွင်ကြည့်ပါ။

(4)　審査請求に必要な書類
(၄)　ပြန်လည်သုံးသပ်ရန်တောင်းဆိုရာ၌လိုအပ်သည့်စာရွက်စာတမ်းများ

次の書類を提出してください。
အောက်ပါစာရွက်စာတမ်းများတင်ပြပါ။

① 審査請求書（窓口に備え付けてあります。） 1通
ပြန်လည်သုံးသပ်ရန်တောင်းဆိုမှုလျှောက်လွှာ(ကောင်တာတွင်ထုတ်ယူနိုင်သည်။) ၁ စောင်

② 審査請求の理由を立証する資料（陳述書でも差し支えありません。） 1通
ပြန်လည်သုံးသပ်ရန်တောင်းဆိုရသည့်အကြောင်းအရင်းကိုပြသည့်အထောက်အထားစာရွက်စာတမ်း(အဆိုပြုလွှာအားလည်းတင်ပြနိုင်သည်။) ၁ စောင်

2　難民審査参与員
၂　ဒုက္ခသည်အကဲဖြတ်ရေးအတိုင်ပင်ခံ

難民審査参与員は、人格が高潔であって、審査請求に関し公正な判断をすることができ、かつ、法律又は国際情勢に関する学識経験を有する者のうちから任命されています。また、難民審査参与員を「審理員」とみなして行政不服審査法が適用され、難民審査参与員は審理を主宰し法務大臣に意見を述べることとなっています。なお、法務大臣は、審査請求の裁決に当たっては、難民審査参与員の意見を聴かなければならないこととされています。
ဒုက္ခသည်အကဲဖြတ်ရေးအတိုင်ပင်ခံသည်လူ့ဂုဏ်သိက္ခာမြင့်မားပြီးပြန်လည်သုံးသပ်ရေးတောင်းဆိုမှုနှင့်စပ်လျဉ်း၍တရားမျှတစွာဆုံးဖြတ်နိုင်ပြီးဥပဒေသို့မဟုတ်နိုင်ငံတကာရေးရာတွင်ပညာရပ်ဆိုင်ရာအတွေ့အကြုံရှိသူများထဲမှခန့်အပ်ခြင်းဖြစ်သည်။ထို့ပြင်ဒုက္ခသည်အကဲဖြတ်ရေးအတိုင်ပင်ခံကို"ကြားနာသူ"ဟုမှတ်ယူပြီးအုပ်ချုပ်မှုဆိုင်ရာအယူခံအကဲဖြတ်ရေးဥပဒေအရဒုက္ခသည်အကဲဖြတ်ရေးအတိုင်ပင်ခံသည်ကြားနာမှုကိုဦးဆောင်၍တရားရေးဝန်ကြီးထံထင်မြင်ယူဆချက်ကိုပြောကြားရသည်။တရားရေးဝန်ကြီးသည်ပြန်လည်သုံးသပ်ရေးတောင်းဆိုမှုအတွက်ဆုံးဖြတ်ရာတွင်ဒုက္ခသည်အကဲဖြတ်ရေးအတိုင်ပင်ခံ၏ထင်မြင်ယူဆချက်ကိုကြားနာရသည်။

3　法務大臣の裁決
၃　တရားရေးဝန်ကြီး၏အဆုံးအဖြတ်

法務大臣が、審査請求には理由がある旨の裁決をし、難民又は補完的保護対象者と認定された外国人には、それぞれ難民認定証明書又は補完的保護対象者認定証明書が交付されます。
တရားရေးဝန်ကြီးသည်ပြန်လည်သုံးသပ်ရန်တောင်းဆိုရာတွင်အကြောင်းပြချက်ခိုင်လုံသည်ဟုဆုံးဖြတ်ပါကဒုက္ခသည်သို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူဟုအသိအမှတ်ပြုထားသောနိုင်ငံခြားသားအားဒုက္ခသည်အသိအမှတ်ပြုလက်မှတ်သို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူအသိအမှတ်ပြုလက်မှတ်အားအသီးသီးထုတ်ပေးပါမည်။

難民等として認められた外国人が在留資格未取得外国人であるときは、一定の退去強制事由に該当せず、かつ、一定の刑罰法令違反により懲役等に処されたことがないときなど、一定の要件を満たした場合には、定住者の在留資格が付与されます。
ဒုက္ခသည်စသူအဖြစ်အသိအမှတ်ပြုခံရသောနိုင်ငံခြားသားသည်နေထိုင်ခွင့်မရထားသောနိုင်ငံခြားသားဖြစ်နေလျှင်ပြည်နှင်ဒ

ဏ်ခံရမှုမရှိခြင်း၊ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့်အကျဉ်းချခံရမှုမရှိဖူးခြင်းစသည့်သတ်မှတ်လိုအပ်ချက်များကိုပြည့်မှီပါက နှစ်ရှည်နေထိုင်ခွင့်အားတူညီစွာပေးအပ်မည်။

これにより、3 月を超える在留期間となった外国人には在留カードが交付されます。
နေထိုင်ခွင့်ကာလ၃လထက်ကျော်လွန်သောနိုင်ငံခြားသားအားနေထိုင်ခွင့်ကတ်ကိုထုတ်ပေးမည်။

# 第 5　難民旅行証明書
# အခန်း၅　ဒုက္ခသည်ခရီးသွားမှတ်ပုံတင်

難民の認定を受けて在留している外国人が日本から出国しようとするときは、法務大臣から難民旅行証明書の交付を受けることができます。
ဒုက္ခသည်အဖြစ်အသိအမှတ်ပြုနေထိုင်ခွင့်ရထားသောနိုင်ငံခြားသားသည်ဂျပန်နိုင်ငံမှပြည်ပသို့ထွက်ခွာလိုပါကတရားရေးဝန်ကြီးထံမှဒုက္ခသည်ခရီးသွားလက်မှတ်ကိုထုတ်ယူနိုင်သည်။

1　申請窓口
၁　လျှောက်ထားရန်လက်ခံကောင်တာ

難民旅行証明書の交付申請の窓口は、難民認定申請の窓口（第 3 の 1 の（2）参照。）と同じです。申請は本人出頭が原則ですが、申請者が 16 歳未満の場合や病気その他の理由により自ら出頭することができない場合は、父母、配偶者、子又は親族がその者に代わって申請を行うことができます。この場合において、代理申請者は、旅券、在留カード等、出生証明書、住民票の写し等代理資格を疎明する資料を提示してください。
ဒုက္ခသည်ခရီးသွားလက်မှတ်ထုတ်ပေးရန်လျှောက်နိုင်ထားသောကောင်တာမှာဒုက္ခသည်အဖြစ်အသိအမှတ်ပြုရေးလျှောက်ထားသောကောင်တာ(အခန်း၃အမှတ်၁၏(၂)တွင်ကြည့်ပါ)နှင့်အတူတူပင်ဖြစ်သည်။လျှောက်ထားရာတွင်လျှောက်ထားသူကိုယ်တိုင်ပြုလုပ်ရမည်ဖြစ်သော်လည်းလျှောက်ထားသူသည်အသက်၁၆နှစ်မပြည့်သေးခြင်း၊ရောဂါရှိခြင်းနှင့်အခြားအကြောင်းအရင်းများကြောင့်လူကိုယ်တိုင်လာရောက်နိုင်ခြင်းမရှိပါကမိဘ၊အိမ်ထောင်ဖက်၊သားသမီးသို့မဟုတ်ဆွေမျိုးများကကိုယ်စားလျှောက်ထားပေးနိုင်သည်။ကိုယ်စားလျှောက်ထားပါကကိုယ်စားလှယ်သည်နိုင်ငံကူးလက်မှတ်၊နေထိုင်ခွင့်ကတ်၊မွေးစာရင်း၊နေထိုင်ခွင့်လက်မှတ်မိတ္တူစသည့်ကိုယ်စားလှယ်အရည်အချင်းပြည့်မှီမှုအထောက်အထားဆိုင်ရာစာရွက်စာတမ်းများကိုတင်ပြရမည်။

2　申請に必要な書類
၂　လျှောက်ထားရာတွင်လိုအပ်သောစာရွက်စာတမ်းများ

(1)　提出書類
(၁)　တင်ပြရမည့်စာရွက်စာတမ်းများ

ア　難民旅行証明書交付申請書（入管庁ホームページに掲載されているほか、窓口でも配布しています。）　1 通
ဒုက္ခသည်ခရီးသွားလက်မှတ်ထုတ်ပေးရေးလျှောက်လွှာ(လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ၏ဝဘ်ဆိုက်ပင်မစာမျက်နှာ၌တင်ပြထားပြီးရုံးကောင်တာတွင်လည်းထုတ်ယူနိုင်ပါသည်။)　၁ စောင်

イ　写真（提出の日前 6 か月以内に撮影された 4.5 cm × 3.5 cm の無帽、正面上半身のもので、裏面に氏名及び生年月日が記載されているもの。）　2 葉
ဓါတ်ပုံ(တင်သွင်းမည့်နေ့မတိုင်မီ၆လအတွင်းရိုက်ကူးထားသော4.5 cm × 3.5cmရှိသောဦးထုပ်မပါ၊ရှေ့တည့်တည့်မှခန္ဓာကိုယ်အပေါ်ပိုင်းတစ်ဝက်အပါရိုက်ကူးထားသောပုံဖြစ်ပြီး၊ကျောဘက်တွင်အမည်နှင့်မွေးသက္ကရာဇ်ကိုရေးထားသောပုံ)　၂ ပုံ

ウ　難民旅行証明書（既に交付を受けている場合）
ဒုက္ခသည်ခရီးသွားလက်မှတ်(ထုတ်ယူထားပြီးသားရှိပါက)

エ　難民旅行証明書の交付を受けている者が同証明書を提出できない場合にあっては、その理由を記載した書類　1 通
ဒုက္ခသည်ခရီးသွားလက်မှတ်ထုတ်ယူထားပြီးသောသူသည်၎င်းကိုတင်ပြနိုင်ခြင်းမရှိပါကအကြောင်းအရင်းကိုတင်ပြသောစာရွက်စာတမ်း　၁ စောင်

オ　旅券又は在留資格証明書を提示できない者にあっては、その理由を記載した書類　1 通
နိုင်ငံကူးလက်မှတ်သို့မဟုတ်နေထိုင်ခွင့်မှတ်ပုံတင်ကိုတင်ပြနိုင်ခြင်းမရှိသူဖြစ်ပါကအကြောင်းအရင်းကိုတင်ပြသောစာရွက်စာတမ်း　၁ စောင်

(2) 提示書類
(၂) တင်ပြရမည့်စာရွက်စာတမ်း

ア　難民認定証明書
ဒုက္ခသည်အသိအမှတ်ပြုလက်မှတ်

イ　中長期在留者にあっては、旅券（日本国政府の発行した難民旅行証明書を除く。）及び在留カード
အလယ်အလတ်မှနှစ်ရှည်နေထိုင်သူဖြစ်ပါကနိုင်ငံကူးလက်မှတ်(ဂျပန်အစိုးရမှထုတ်ပေးထားသောဒုက္ခသည်ခရီးသွားလက်မှတ်မပါဝင်ပါ)နှင့်နေထိုင်ခွင့်ကတ်

ウ　特別永住者にあっては、旅券及び特別永住者証明書
အထူးအမြဲတမ်းနေထိုင်သူဖြစ်ပါကနိုင်ငံကူးလက်မှတ်နှင့်အထူးအမြဲတမ်းနေထိုင်သူလက်မှတ်

エ　中長期在留者及び特別永住者以外の者にあっては、旅券又は在留資格証明書
အလယ်အလတ်မှနှစ်ရှည်နေထိုင်သူနှင့်အထူးအမြဲတမ်းနေထိုင်သူများမဟုတ်ပါကနိုင်ငံကူးလက်မှတ်သို့မဟုတ်နေထိုင်ခွင့်မှတ်ပုံတင်

（注） 代理申請の場合であっても、申請者本人の在留カードや旅券などの提示が必要になります。代理人が在留カードや旅券などを預かっている間、代理人はこれらの写しを作成し、適宜、代理人の氏名及び代理人による手続中である旨を記載の上、申請者にこれらの写しを携帯させるようにしてください。

(မှတ်ချက်) ကိုယ်စားလျှောက်တင်သော်လည်းလျှောက်ထားမည့်သူ၏နေထိုင်ခွင့်ကတ်နှင့်နိုင်ငံကူးလက်မှတ်စသည်တို့တင်ပြရမည်။ကိုယ်စားလှယ်မှနေထိုင်ခွင့်ကတ်နှင့်နိုင်ငံကူးလက်မှတ်စသည်ကိုထိန်းသိမ်းထားစဉ်အတွင်း၎င်းတို့အားမိတ္တူပြုလုပ်၍သင့်တော်စွာကိုယ်စားလှယ်၏အမည်နှင့်ကိုယ်စားလှယ်ဖြင့်လုပ်ငန်းစဉ်လုပ်ဆောင်နေကြောင်းကိုဖော်ပြပြီးလျှောက်ထားသူအား၎င်းမိတ္တူများကိုဆောင်ထားစေရမည်။

## 3　難民旅行証明書の有効期間
## ၃　ဒုက္ခသည်ခရီးသွားလက်မှတ်၏သက်တမ်း

難民旅行証明書の有効期間は、難民旅行証明書の発行の日から 5 年です。有効期間中は、原則として何度でも日本から出国し、日本に再入国することができます。ただし、日本での在留期間の残りが 5 年未満の場合等で、難民旅行証明書の有効期間とは別に「日本に入国できる期限」が定められているときは、その期限までに日本に再入国しなければなりません。日本に再入国できる期限は、難民旅行証明書の 3 ページに記載されていますので、必ずこれを確認し、難民旅行証明書の有効期間と混同することのないように注意してください。
ဒုက္ခသည်ခရီးသွားလက်မှတ်၏သက်တမ်းမှာဒုက္ခသည်ခရီးသွားလက်မှတ်ထုတ်ပေးသည့်နေ့မှစ၍၅နှစ်ဖြစ်သည်။သက်တမ်းကာလအတွင်းစည်းမျဉ်းအရမည့်သည့်အကြိမ်အရေအတွက်မဆိုဂျပန်နိုင်ငံမှထွက်ခွာနိုင်ပြီးဂျပန်နိုင်ငံသို့ပြန်လည်ဝင်ရောက်နိုင်သည်။သို့သော်ဂျပန်နိုင်ငံ၏နေထိုင်မှုကာလလက်ကျန်မှာ၅နှစ်မပြည့်ခြင်းစသည့်ဒုက္ခသည်ခရီးသွားလက်မှတ်၏သက်တမ်းနှင့်မတူညီဘဲ”ဂျပန်နိုင်ငံသို့ဝင်ရောက်နိုင်သည့်ကာလ”ကိုသတ်မှတ်ထားပါကၡင်းသက်တမ်းမတိုင်မီဂျပန်နိုင်ငံသို့မဖြစ်မနေပြန်လည်ဝင်ရောက်ရမည်။ဂျပန်နိုင်ငံသို့ပြန်လည်ဝင်ရောက်နိုင်သည့်ကာလမှာဒုက္ခသည်ခရီးသွားလက်မှတ်၏စာမျက်နှာ၃တွင်ဖော်ပြထားသဖြင့်မပျက်မကွက်သေချာကြည့်ရှုပြီးဒုက္ခသည်ခရီးသွားလက်မှတ်၏သက်တမ်းကာလနှင့်မရောထွေးစေရန်သတိပြုပါ။

## 4　手数料
## ၄　အခကြေးငွေ

難民旅行証明書の交付を受ける際には、所要の額を納付しなければなりません。また、外国で難民旅行証明書の有効期間の延長手続を行う場合にも、所要の手数料をその国の通貨で納付しなければなりません。
ဒုက္ခသည်ခရီးသွားလက်မှတ်ထုတ်ယူသည့်အခါကျသင့်သောငွေပမာဏကိုပေးချေရမည်။ထို့ပြင်ပြည်ပတွင်ဒုက္ခသည်ခရီးသွားလက်မှတ်၏သက်တမ်းတိုးသည့်လုပ်ငန်းစဉ်ကိုပြုလုပ်ပါကကျသင့်သောအခကြေးငွေကိုထိုနိုင်ငံ၏ငွေကြေးဖြင့်ပေးချေရမည်။

# 第 6　一時庇護のための上陸許可
# အခန်း၆　ယာယီခိုလှုံရန်အတွက်ဆင်းသက်ခွင့်

一時庇護のための上陸許可は、船舶等に乗っている外国人が難民条約に規定する理由その他これに準ずる理由により、難民に該当する可能性がある場合、又は船舶等に乗っている外国人が補完的保護対象者に該当する可能性がある場合であって、その外国人を一時的に上陸させることが相当であると思料するときに、入国審査官が許可するもので、これは、「国が取り急ぎ保護する（領土的庇護）」ための緊急措置として与えられるものです。
ယာယီခိုလှုံရန်အတွက်ဆင်းသက်ခွင့်ဆိုသည်မှာသင်္ဘောစသည်ကိုစီးနင်းလာသောနိုင်ငံခြားသားသည်ဒုက္ခသည်ဆိုင်ရာကွန်ဗင်းရှင်းတွင်သတ်မှတ်ထားသောအကြောင်းပြချက်နှင့်အခြားကိုက်ညီသောအကြောင်းပြချက်ကြောင့်ဒုက္ခသည်အဖြစ်အကျုံးဝင်နိုင်သည့်အခြေအနေသို့မဟုတ်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အကျုံးဝင်နိုင်သည့်အခြေအနေရှိပြီးၚင်းနိုင်ငံခြားသားကိုယာယီကမ်းတက်စေခြင်းမှာသင့်လျှော်သည်ဟုစဉ်းစားရာတွင်လူဝင်မှုကြီးကြပ်ရေးမှူးမှခွင့်ပြုပေးပြီး၎ည်သည်မှာ"နိုင်ငံတော်အရေးပေါ်ကာကွယ်ရေး(နယ်မြေခိုလှုံခွင့်)"အတွက်အရေးပေါ်အစီအမံအနေဖြင့်ပေးခြင်းဖြစ်သည်။

1　申請
၁　လျှောက်ထားမှု

(1)　対象者
(၁)　သက်ဆိုင်သူ

船舶又は航空機に乗っている外国人
သင်္ဘောသို့မဟုတ်လေယာဉ်စီးနင်းလာသောနိုင်ငံခြားသား

(2)　申請方法
(၂)　လျှောက်ထားရန်နည်းလမ်း

到着した空海港に所在する出入国在留管理官署において、申請者本人が自ら申請してください。ただし、申請者が 16 歳未満である場合や病気その他の理由により自ら申請できない場合は、申請者に同行する父母、配偶者、子又は親族その他の同行者等が代わって申請を行うことができます。

ဆိုက်ရောက်ရာလေဆိပ်သို့မဟုတ်ဆိပ်ကမ်းတွင်ရှိသောလူဝင်မှုကြီးကြပ်ရေးရုံးတွင်လျှောက်ထားသူကိုယ်တိုင်လျှောက်ထားရမည်။သို့သော်လျှောက်ထားသူသည်အသက်၁၆နှစ်မပြည့်သေးခြင်း၊ရောဂါရှိခြင်းနှင့်အခြားအကြောင်းအရင်းများကြောင့်လူကိုယ်တိုင်လာရောက်နိုင်ခြင်းမရှိပါကမိဘ၊အိမ်ထောင်ဖက်၊သားသမီးသို့မဟုတ်ဆွေမျိုးများနှင့်အခြားအတူလာသူကကိုယ်စားလျှောက်ထားပေးနိုင်သည်။

2　申請に必要な書類
၂　လျှောက်ထားရာတွင်လိုအပ်သောစာရွက်စာတမ်းများ

(1) 提出書類
(၁) တင်ပြရမည့်စာရွက်စာတမ်းများ

ア　外国人入国記録（通常 E/D カードと呼ばれています。航空機内で配布される場合もありますが、空港の場合であれば、航空会社のカウンターや入国審査ブースで入手することができます。）　1 通
နိုင်ငံခြားသားပြည်ဝင်မှတ်တမ်း(များသောအားဖြင့်E/Dကတ်ဟုလည်းခေါ်သည်။လေယာဉ်ပေါ်၌ပေးဝေခြင်းရှိသော်လည်းလေဆိပ်တွင်ဖြစ်ပါကလေကြောင်းကောင်တာနှင့်လူဝင်မှုကြီးကြပ်ရေးကောင်တာတွင်ရယူနိုင်ပါသည်။)　၁ စောင်

イ　申告書（身分事項や申請の理由等を記載するもので、空海港に所在する出入国在留管理官署で配布しています。）　1 通
ကြေညာလွှာ(ကိုယ်ရေးအချက်အလက်နှင့်လျှောက်ထားရခြင်းအကြောင်းရင်းစသည်ကိုဖော်ပြသောအရာဖြစ်ပြီးလေဆိပ်သို့မဟုတ်ဆိပ်ကမ်းရှိလူဝင်မှုကြီးကြပ်ရေးရုံးတွင်ထုတ်ပေးပါသည်။)　၁ စောင်

ウ　写真（所持している場合）　2 葉
ဓါတ်ပုံ(ကိုင်ဆောင်ထားပါက)　၂ ပုံ

エ　庇護を求める理由があることを証明する資料（所持している場合）　1 通
ခိုလှုံရန်တောင်းဆိုရသည့်အကြောင်းအရင်းကိုအထောက်အထားဖြစ်စေသည့်စာရွက်စာတမ်း(ကိုင်ဆောင်ထားပါက)　၁ စောင်

(2) 提示書類
(၂) တင်ပြရမည့်စာရွက်စာတမ်းများ

ア　旅券等の渡航文書（所持している場合）
နိုင်ငံကူးလက်မှတ်စသည့်ခရီးသွားစာရွက်စာတမ်း(ကိုင်ဆောင်ထားပါက)

イ　身分を証明する文書（所持している場合）
မိမိမည်သူဖြစ်ကြောင်းအထောက်အထားပြစာရွက်စာတမ်း(ကိုင်ဆောင်ထားပါက)

3　一時庇護許可書の交付
၃　ယာယီခိုလှုံခွင့်လက်မှတ်ထုတ်ပေးခြင်း

審査の結果、一時庇護のための上陸が許可された場合は、一時庇護許可書が交付されます。同許可書には、上陸期間、住居及び行動範囲等の上陸のための条件が記載されます。
စီစစ်အကဲဖြတ်မှုရလာဒ်အနေဖြင့်ယာယီခိုလှုံခွင့်အတွက်ဆင်းသက်ခွင့်ရပါကယာယီခိုလှုံခွင့်လက်မှတ်ထုတ်ပေးမည်။၎င်းလက်မှတ်တွင်ဆင်းသက်နိုင်သောကာလ၊နေထိုင်မှုနှင့်သွားလာနိုင်သောအပိုင်းအခြားစသည့်ဆင်းသက်မှုအတွက်အခြေအနေကိုဖော်ပြထားသည်။

付録　難民認定手続・補完的保護対象者認定手続図解

နောက်ဆက်တွဲ ဒုက္ခသည်အဖြစ်အသိအမှတ်ပြုရေးလုပ်ငန်းစဉ်နှင့်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုရေး လုပ်ငန်းစဉ်ပုံပြဇယား




ဒုက္ခသည်အသိအမှတ်ပြုရေးနှင့်ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိမှတ်ပြုရေးလုပ်ငန်းစဉ်ပုံပြဇယား
ဂျပန်နိုင်ငံရှိနိုင်ငံခြားသားများ
ဒုက္ခသည်အဖြစ်အသိမှတ်ပြုရေးလျှောက်ထားခြင်း
ဒုက္ခသည်စီစစ်ရေးမှူး၏လက်တွေ့စုံစမ်းစီစစ်ခြင်း
ဒုက္ခသည်အဖြစ်အကျုံးဝင်နိုင်ကြောင်းဆုံးဖြတ်ချက်
အကျုံးဝင်နိုင်သည်
အကျုံးမဝင်နိုင်ပါ
ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်း
ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အကျုံးဝင်နိုင်ကြောင်းဆုံးဖြတ်ချက်
အကျုံးဝင်နိုင်ခြင်းရှိ
အကျုံးဝင်နိုင်ခြင်းမရှိ
ဒုက္ခသည်မဟုတ်
ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိမှတ်ပြုခြင်း
ဒုက္ခသည်မဟုတ်
ဖြည့်စွက်ကာကွယ်ရမည့်သူမဟုတ်
အယူခံရှိ
အယူခံရှိ
ပြန်လည်သုံးသပ်ရန်တောင်းဆိုခြင်း
ဒုက္ခသည်ဆိုင်ရာအတိုင်ပင်ခံ၏အကဲဖြတ်ခြင်းနှင့်ထင်မြင်ချက်ကိုတင်ပြခြင်း
တရားရေးဝန်ကြီး၏အဆုံးအဖြတ်
အကြောင်းပြချက်ဖြင့်
အကြောင်းပြချက်မရှိ
ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိအမှတ်ပြုရန်လျှောက်ထားခြင်း
ဒုက္ခသည်စီစစ်ရေးမှူး၏လက်တွေ့စုံစမ်းစစ်ဆေးခြင်း
ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အကျုံးဝင်နိုင်ကြောင်းဆုံးဖြတ်ချက်
အကျုံးဝင်နိုင်သည်
အကျုံးမဝင်နိုင်ပါ
ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိမှတ်ပြုခြင်း
ဖြည့်စွက်ကာကွယ်ရမည့်သူအဖြစ်အသိမှတ်မပြုခြင်း
အယူခံရှိ
ပြန်လည်သုံးသပ်ရန်တောင်းဆိုခြင်း
ဒုက္ခသည်ဆိုင်ရာအတိုင်ပင်ခံ၏အကဲဖြတ်ခြင်းနှင့်ထင်မြင်ချက်ကိုတင်ပြခြင်း
တရားရေးဝန်ကြီး၏အဆုံးအဖြတ်
အကြောင်းပြချက်ဖြင့်
အကြောင်းပြချက်မရှိ

（難民認定申請及び補完的保護対象者認定申請の窓口）
(ဒုက္ခသည်အသိအမှတ်ပြုရေးလျှောက်ထားရန်နှင့်ဖြည့်စွက်ကာကွယ်မှုအသိမှတ်ပြုရေးလျှောက်ထားရန်လက်ခံကောင်တာ)

| | | |
|---|---|---|
| 札幌出入国在留管理局<br>ဆပိုရိုလူဝင်မှုကြီးကြပ်ရေးဌာန | | 審査部門<br>အကဲဖြတ်ဌာန |
| 仙台出入国在留管理局<br>ဆန်းဒိုင်လူဝင်မှုကြီးကြပ်ရေးဌာန | | 審査第一部門<br>အကဲဖြတ်ဌာနအမှတ်၁ |
| 東京出入国在留管理局<br>တိုကျိုလူဝင်မှုကြီးကြပ်ရေးဌာန | | 難民調査第一部門<br>ဒုက္ခသည်စိစစ်ရေးဌာနအမှတ်၁ |
| | 成田空港支局<br>နာရီတာလေဆိပ်လူဝင်မှုကြီးကြပ်ရေးရုံးခွဲ | 審査管理部門<br>အကဲဖြတ်စီမံရေးဌာန |
| | 羽田空港支局<br>ဟနဲဒလေဆိပ်လူဝင်မှုကြီးကြပ်ရေးရုံးခွဲ | 審査管理部門<br>အကဲဖြတ်စီမံရေးဌာန |
| | 横浜支局<br>ယိုကိုဟားမားလူဝင်မှုကြီးကြပ်ရေးရုံးခွဲ | 就労・永住審査部門<br>အလုပ်အကိုင်နှင့်အမြဲတမ်းနေထိုင်ရေးအကဲဖြတ်ဌာန |
| 名古屋出入国在留管理局<br>နာဂိုယာလူဝင်မှုကြီးကြပ်ရေးဌာန | | 難民調査部門<br>ဒုက္ခသည်စီစစ်ရေးဌာန |
| | 中部空港支局<br>ချူးဘုလေဆိပ်လူဝင်မှုကြီးကြပ်ရေးရုံးခွဲ | 審査管理部門<br>အကဲဖြတ်စီမံရေးဌာန |
| 大阪出入国在留管理局<br>အိုဆာကာလူဝင်မှုကြီးကြပ်ရေးဌာန | | 永住審査部門<br>အမြဲတမ်းနေထိုင်ရေးအကဲဖြတ်ဌာန |
| | 関西空港支局<br>ကန်ဆိုင်းလေဆိပ်လူဝင်မှုကြီးကြပ်ရေးဌာနရုံးခွဲ | 審査管理部門<br>အကဲဖြတ်စီမံရေးဌာန |
| | 神戸支局<br>ကိုဘေးလူဝင်မှုကြီးကြပ်ရေးဌာနရုံးခွဲ | 審査部門<br>အကဲဖြတ်ဌာန |
| 広島出入国在留管理局<br>ဟီရိုရှီးမားလူဝင်မှုကြီးကြပ်ရေးဌာန | | 就労・永住審査部門<br>အလုပ်အကိုင်နှင့်အမြဲတမ်းနေထိုင်ရေးအကဲဖြတ်ဌာန |
| 高松出入国在留管理局<br>တာကမဆုလူဝင်မှုကြီးကြပ်ရေးဌာန | | 審査部門<br>အကဲဖြတ်ဌာန |
| 福岡出入国在留管理局<br>ဖူခုအိုကာလူဝင်မှုကြီးကြပ်ရေးဌာန | | 審査管理部門<br>အကဲဖြတ်စီမံရေးဌာန |
| | 那覇支局<br>နာဟာလူဝင်မှုကြီးကြပ်ရေးဌာနရုံးခွဲ | 審査部門<br>အကဲဖြတ်ဌာန |

（審査請求の窓口）
(ပြန်လည်သုံးသပ်ရန်တောင်းဆိုမှုလက်ခံကောင်တာ)

| | | |
|---|---|---|
| 札幌出入国在留管理局<br>ဆပ်ပိုရိုလူဝင်မှုကြီးကြပ်ရေးဌာန | | 審査部門<br>အကဲဖြတ်ဌာန |
| 仙台出入国在留管理局<br>ဆန်းဒိုင်လူဝင်မှုကြီးကြပ်ရေးဌာန | | 審査第二部門<br>အကဲဖြတ်ဌာနအမှတ်၂ |
| 東京出入国在留管理局<br>တိုကျိုလူဝင်မှုကြီးကြပ်ရေးဌာန | | 難民審判部門<br>ဒုက္ခသည်တရားစီရင်ရေးဌာန |
| | 成田空港支局<br>နာရီတာလေဆိပ်လူဝင်မှုကြီးကြပ်ရေးရုံးခွဲ | 第二審判部門<br>တရားစီရင်ရေးဌာနအမှတ်၂ |
| | 羽田空港支局<br>ဟနဲဒလေဆိပ်လူဝင်မှုကြီးကြပ်ရေးရုံးခွဲ | 審判部門<br>တရားစီရင်ရေးဌာန |
| | 横浜支局<br>ယိုကိုဟားမားလူဝင်မှုကြီးကြပ်ရေးရုံးခွဲ | 審判部門<br>တရားစီရင်ရေးဌာန |
| 名古屋出入国在留管理局<br>နာဂိုယာလူဝင်မှုကြီးကြပ်ရေးဌာန | | 難民審判部門<br>ဒုက္ခသည်တရားစီရင်ရေးဌာန |
| | 中部空港支局<br>ချူးဘုလေဆိပ်လူဝင်မှုကြီးကြပ်ရေးရုံးခွဲ | 審査管理部門<br>အကဲဖြတ်စီမံရေးဌာန |
| 大阪出入国在留管理局<br>အိုဆာကာလူဝင်မှုကြီးကြပ်ရေးဌာန | | 審判部門<br>တရားစီရင်ရေးဌာန |
| | 関西空港支局<br>ကန်ဆိုင်းလေဆိပ်လူဝင်မှုကြီးကြပ်ရေးဌာနရုံးခွဲ | 審判部門<br>တရားစီရင်ရေးဌာန |
| | 神戸支局<br>ကိုဘေးလူဝင်မှုကြီးကြပ်ရေးဌာနရုံးခွဲ | 審査部門<br>အကဲဖြတ်ဌာန |
| 広島出入国在留管理局<br>ဟီရိုရှီးမားလူဝင်မှုကြီးကြပ်ရေးဌာန | | 審判部門<br>တရားစီရင်ရေးဌာန |
| 高松出入国在留管理局<br>တာကမဆုလူဝင်မှုကြီးကြပ်ရေးဌာန | | 審査部門<br>အကဲဖြတ်ဌာန |
| 福岡出入国在留管理局<br>ဖူခုအိုကာလူဝင်မှုကြီးကြပ်ရေးဌာန | | 審判部門<br>တရားစီရင်ရေးဌာန |
| | 那覇支局<br>နာဟာလူဝင်မှုကြီးကြပ်ရေးဌာနရုံးခွဲ | 審査部門<br>အကဲဖြတ်ဌာန |